unite for children

unicef

# သတင်းထုတ်ပြန်ချက်

## နာဂစ်ဆိုင်ကလုံးကျရောက်ပြီးရက်ပေါင်း ၁၂၀ အကြာတွင် ကလေးများ၏လိုအပ်ချက်များ ဖြည့်ဆည်းလျက်ရှိသော်လည်း အခက်အခဲများနှင့်စိန်ခေါ်မှုများဆက်လက်ရှိနေ။

*လေဘေးဒဏ်ခံရသည့်ဒေသများတွင် လာမည့်နွေရာသီ၌ ရေကောင်းရေသန့်ရှားပါးနိုင်မှုနှင့် လိုအပ်ချက်များကို ဖြေရှင်းဖြည့်ဆည်းပေးရန်လို။*

ရန်ကုန်၊ စက်တင်ဘာ ၁ ရက်၊ ၂၀၀၈–နာဂစ်လေဘေးဒဏ်ခံစားခဲ့ရသော ကလေးများ၏ကျန်းမာရေး၊ ပညာရေး၊ အာဟာရနှင့် ဘဝလုံခြုံရေး လိုအပ်ချက်များကိုဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသော်လည်း ကလေးငယ်များ၏ဘဝကို အန္တရာယ်ဖြစ်စေနိုင်သော၊ ထိခိုက်စေနိုင်သော စိန်ခေါ်မှုများလည်းရှိနေသေး သည်ဟု ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်) က ယနေ့ပြောကြားလိုက်သည်။

လေဘေးသင့်ပြည်သူများအကြားတွင် ရောဂါဘယအကြီးစားများပေါ်ပေါက်ခြင်းမရှိခဲ့ပေ။ ယခုအချိန်တွင် ပုံမှန်ကာကွယ်ဆေးထိုး လုပ်ငန်းများကိုလည်း ပြန်လည်ဆောင်ရွက်နေပြီဖြစ်သည်။ ကျောင်းသူ၊ ကျောင်းသားကလေးငယ်များလည်း ဘေးကင်းလုံခြုံသည့် ယာယီစာသင်ကျောင်းဆောင်များတွင် ကျောင်း သုံးပစ္စည်းအသစ်ကလေးများဖြင့် ပညာဆက်လက်သင်ယူနေကြပြီဖြစ်သည်။ သို့သော်လည်း ရေအရင်းအမြစ် တစ်ခုဖြစ်သည့် ကန်များညစ်ညမ်းသွားမှုကြောင့် လာမည့်လများအတွင်း သန့်ရှင်းသောသောက်ရေရှားပါးလာဖွယ် ပြဿနာများသည် လျင်မြန်စွာ ဖြေရှင်းရန်လိုအပ်သည်ဟု ယူနီဆက်ကဆိုသည်။

"လေဘေးကြောင့် ညစ်ညမ်းသွားတဲ့ရေကန်တွေထဲက ရေဆိုးရေညစ်တွေကို စက်တွေနဲ့ဆုပ်ထုတ်တဲ့ လုပ်ငန်းတွေကိုတစိုက်မတ်မတ် လုပ်နေပေမယ့်လည်း လာမယ့်နွေရာသီအမီအားလုံးသန့်ရှင်းပြီး ရေသန့် တွေပြန်ဖြည့်ထားနိုင်ဖို့ကတော့ခက်ခဲပါလိမ့်မယ်" ဟုမြန်မာနိုင်ငံဆိုင်ရာ ယူနီဆက်ဌာနေကိုယ်စားလှယ် မစ္စတာ ရာမက်ရှ် ရှရက်စ်သာကပြောသည်။ "ဒီတော့ ရေအခက်အခဲအများဆုံးရှိနိုင်တဲ့ ဒေသတွေကိုဖော်ထုတ်ပြီး သက်ဆိုင်ရာအစိုးရ၊ ပြည်သူတွေ လုပ်ဖော်ကိုင်ဖက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ပြီး ဒီအခက်အခဲတွေကျော်လွှားရမှာဖြစ်ပါတယ်" ဟု ရာမက်ရှ် ရှရက်စ်သာကဆက်ပြောသည်။ နာဂစ်မုန်တိုင်းအပြီး လူသားချင်းစာနာသည့်ကူညီရေးလုပ်ငန်းများကို အစိုးရ၊ အာဆီယံ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများက အတူလက်တွဲ ဆောင်ရွက်လျက်ရှိရာ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ကိစ္စများတွင် အစုလိုက်လုပ်ငန်းအဖွဲ့(cluster)၏ ဦးဆောင်မှုအခန်းက ယူနီဆက်က ဆောင်ရွက်လျက်ရှိပါသည်။

ရေကန်များသန့်ရှင်းရာတွင် ယူနီဆက်ကကန်ပေါင်း ၄၄၂ ကိုဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ လေဘေးသင့် ဒေသများတွင် မြန်မာနိုင်ငံအစိုးရနှင့် အကူအညီပေးရေးအဖွဲ့အစည်းများက ယနေ့အထိသန့်ရှင်းပြီးသော ကန်များမှာ ၁၈၀၀ ခန့်ရှိသည်။ လေဘေးသင့်ဒေသအများစုတွင် ရေလိုအပ်ချက်များပြည့်စုံခဲ့သော်လည်း အချို့ဒေသများတွင် သန့်ရှင်ပြီးသောရေကန်များသည် လာမည့်နွေရာသီအတွက် သောက်သုံးရေလိုအပ်ချက် ပြည့်စုံရေးအတွက်မူ စိုးရိမ်စရာရှိပေသည်။ ထို့အပြင် ပညာရေး၊ အာဟာရနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး အစုလိုက်လုပ်ငန်း အဖွဲ့များတွင်လည်း ယူနီဆက်ကဦးဆောင် လျက်ရှိသည်၊ ကလေးနှင့် အမျိုးသမီးများဘဝလုံခြုံရေး လိုအပ်ချက်များ လျစ်လျူမပြုရေး၊ ပိုမိုကောင်းမွန်သောဘဝများပြန်လည်ထူ ထောင်နိုင်ဖြင်းဖြင့် အနာဂတ်မျိုးဆက်သစ်များ ယင်းအကျိုးကိုခံစားနိုင်ရေးတို့ကို လူသားချင်းစာနာသည့် အစုလိုက်လုပ်ငန်းအဖွဲ့များသည် အလေးထားဆောင်ရွက်လျက်ရှိသည်။

"နာဂစ်ကြောင့် လူတွေထိခိုက်ခံစားရပေမယ့်လည်း မြန်မာနိုင်ငံရဲ့ကလေးတွေနဲ့ မိသားစုတွေရဲ့ဘဝပိုမို တိုးတက်ကောင်းမွန်လာဖို့အတွက် ကြိုးပမ်းအားထုတ်ဖို့လည်းဖြစ်ပါတယ်" ဟုမစ္စတာ ရာမက်ရှ် ရှရက်စ်သာကပြောသည်။ နာဂစ်ဆိုင်ကလုံးက ကျောင်းပေါင်း ၄၀၀၀ ကျော်၊ ကျန်းမာရေးအဆောက်အအုံပေါင်း ၆၀၀ ကျော်ကို ပျက်စီးစေရုံမက ကလေးငယ်ရာပေါင်း များစွာကိုလည်း မိဘများ၊ဆွေမျိုးသားချင်းများနှင့် ကွဲကွာ၊ ခွဲခွာစေသည်။ နာဂစ်မုန်တိုင်းကျပြီး ရက်ပေါင်း ၁၂၀ အတွင်းတွင် ရောဂါအကြီးစား များပေါ်ပေါက် ပျံ့နှံ့ခဲ့ခြင်းမရှိပေ။ ကလေးငယ် ပေါင်း ၂၅၀၀၀ကျော်ကိုလည်း ဝက်သက်ကာကွယ်ဆေးထိုးပေးပြီး ဗီတာမင်အေဆေးပြားများ တိုက်ကျွေးခဲ့သည်။ ပြိုကျသွားသော မူလတန်းကျောင်းများအတွက် လုံခြုံစိတ်ချရသည့် ယာယီစာသင်ကျောင်းဆောင် ၁၀၀ခန့်ဆောက်လုပ်ပေးပြီး ကျောင်းသုံးပစ္စည်းများကိုလည်း ပေးအပ်ခဲ့သည်။ ကျောင်းပေါင်း ၈၀၀ ခန့်၏ပြုပြင်တည်ဆောက်ရေးကိုလည်း ပံ့ပိုးခဲ့သည်။ ကလေးပျော်စရာနေရာ ၁၀၀ ကျော်ကလည်း ကလေးပေါင်း ၁၇၆၀၀ ကျော်၏လူမှုရေးနှင့်စိတ်ပိုင်းဆိုင် ရာအတွက်ကူညီပေး လျက်ရှိသည်။ လေဘေး–ဏ်ဆိုးရွားစွာခံစားရသည့်နေရာများတွင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဇူလိုင်လအတွင်း ကျယ်ကျယ်ပြန့်ပြန့်

ဆောင်ရွက်နိုင်ရန် ကျန်းမာရေးမှူးများ၊ သူနာပြုများ၊ သားဖွားဆရာမများစသည့် ကျန်းမာရေးဝန်ထမ်း ၁၀၀ ကျော်နှင့် လက်တွဲဆောင်ရွက်လျက်ရှိသည်။ တကိုယ်ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် အိမ်သာအလုံး ၁၈၀၀၀ ကျော်ကိုလည်းဆောက်လုပ်ပေး ပြီးဖြစ်သည်။

**အသေးစိတ်သိရှိလိုပါက**

**Anna Stechert** ယူနီဆက် မြန်မာ၊ ဖုန်း ၉၅ ၁ ၃၇၅၅၂၇ – ၃၂ လိုင်းခွဲ ၁၄၄၃ astechert@unicef.org
**စန္ဒာလင်း**၊ ယူနီဆက် မြန်မာ၊ ဖုန်း ၉၅ ၁ ၃၇၅၅၂၇ – ၃၂ လိုင်းခွဲ ၁၄၃၉ slinn@unicef.org